**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

**တတိယနေ့မှတ်တမ်း**

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၉.၉၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကျန်းမာရေး။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို<br>မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အောက်ခြေနှင့် အလယ်အလတ်အဆင့် နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများ ပညာရေး၊ မိသားစု ကျန်းမာရေးနှင့် နေထိုင်ရေးတို့အတွက် ရေရှည်စနစ်တကျ ကူညီဖြေရှင်းနိုင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီမြင့် က အောက်ခြေနှင့် အလယ်အလတ်အဆင့် နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများ ပညာရေး၊ မိသားစုကျန်းမာရေးနှင့် နေထိုင်ရေး တို့အတွက် ရေရှည်စနစ်တကျ ကူညီဖြေရှင်းနိုင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့် ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ အောက်ခြေနဲ့ အလယ်အလတ်အဆင့် နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများ ပညာရေး၊ မိသားစုကျန်းမာရေးနှင့် နေထိုင်ရေး တို့အတွက် ရေရှည်တွင် စနစ်တကျ ကူညီဖြေရှင်းပေးနိုင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒီမိုကရေစီခေတ် အစိုးရလက်ထက်တွင် နိုင်ငံတော်သမ္မတကြီး၏ ချမှတ်ထားတဲ့ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းလာစေရန်အတွက် ပြည်သူလူထုနှင့် နေ့စဥ် ထိတွေ့ဆက်ဆံနေရတဲ့ အောက်ခြေနဲ့ အလယ်အလတ်အဆင့် အမှုထမ်း၊ အရာထမ်းများဟာ အဓိက အရေးပါနေသည်ကို တွေ့ရှိနေရပါတယ်။ ထိုကဲ့သို့ ပြည်သူလူထုနှင့် အောက်ခြေတွင် လက်တွေ့ ထိတွေ့ဆက်ဆံနေရတဲ့ ဝန်ထမ်းများ၏ စားဝတ်နေရေးကို ခေတ်စနစ်နဲ့အညီ လောက်ငစွာ ဖြေရှင်းပေးနိုင်မှသာလျှင် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

ယခုလက်ရှိတွင် ဝန်ထမ်းများ၏ လစာငွေဟာ စားရေးနှင့် ဝတ်ရေးအတွက် လုံလောက်နေသော်လည်း သားသမီးများ၏ ပညာရေး၊ မိသားစုကျန်းမာရေးနှင့် နေထိုင်ရေးတို့အတွက် ဘဝအာမခံချက် အလွန်နည်းပါးနေတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်မှလည်း ဝန်ထမ်းများအပေါ် တတ်နိုင်သမျှ စေတနာထားကာ အစိုးရအဆက်ဆက်တွင် ဝန်ထမ်းလစာများကို အတိုင်းအတာတစ်ခုအထိ လစာတိုးပေးနိုင်ခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ခေတ္တခဏမျှသာ ချောင်လည်ကြပြီးနောက် ရေရှည်တွင် လိုက်ဖက်တက်လာသော ကုန်ဈေးနှုန်းများကြောင့် ယခင် အတိုင်းအတာသို့ ပြန်လည်ရောက်ရှိသွားကြပြီး ဝန်ထမ်းများနှင့်အတူ သာမန်ပြည်သူများ၊ အခြေခံလူတန်းစားများ အနေဖြင့် ပိုမိုခံစားနေရပါတယ်။ ရေရှည်တွင် လူနေမှုဘဝ အဆင့်အတန်းများ ပိုမိုမြင့်မားလာစေရန် အောက်ခြေနှင့် အလယ်အလတ်အဆင့် ဝန်ထမ်းများ ဂုဏ်သိက္ခာရှိစွာဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာနှင့် စိတ်အားထက်သန်စွာ ရိုးရိုးသားသား ထမ်းဆောင်နိုင်စေရန်အတွက် နိုင်ငံတော်အနေဖြင့် နှစ်စဥ် မကြာခဏ လစာတိုးပေးမယ့်အစား အခြေခံပညာသင်ယူနေသည့် နိုင်ငံ့ဝန်ထမ်းသားသမီးများအား အမှန်တကယ် ကျောင်းတက်နေသည့် သားသမီးအရေအတွက်အလိုက် လစဥ် ပညာသင်ထောက်ပံ့ကြေးများ ပံ့ပိုးပေးခြင်း။ အဆင့်မြင့်ပညာအဆင့်တွင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများနဲ့ ဘာသာရပ်အလိုက် ထူးချွန်သူများကို ပညာသင်ဆုအဖြစ် ချီးမြှင့်ထောက်ပံ့ပေးခြင်း။ ဝန်ထမ်းများနဲ့ ၎င်း၏ မိသားစုဝင်များ ကျန်းမာရေး ချို့တဲ့သည့်အခါ လူမှုဖူလုံရေးအဖွဲ့မှ ဖြစ်စေ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြစ်စေ ဆေးဝါးကုသမှု ကုန်ကျစရိတ်များကို ထောက်ပံ့ပေးခြင်း။ ဝန်ထမ်းအိမ်ရာများ မရရှိသည့် နိုင်ငံ့ဝန်ထမ်းများအား သက်ဆိုင်ရာ ဒေသနှုန်းထားအလိုက် အိမ်ငှားရမ်းခများ ခံစားခွင့်ပြုပေးခြင်း။ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီးများတွင် ဝန်ထမ်းအိမ်ရာများ စနစ်တကျ တည်ဆောက်ပေးပြီး နိုင်ငံ့ဝန်ထမ်းများအား လုပ်သက် အနည်းအများအလိုက် ထိုက်သင့်သည့် အိမ်ငှားခနှင့် ရာသက်ပန် အငှားနေထိုင်ခွင့်၊ အချိန်မတိုင်မီ ကွယ်လွန်သွားခဲ့ပါက အမွေဆက်ခံခွင့်ရှိသူ၊ အမွေခံစားခွင့် ရရှိနိုင်သည့် အချိန်ကာလအထိ နေထိုင်ခွင့် ရရှိစေမည့် ဝန်ထမ်းအိမ်ရာများ၊ စီမံကိန်းများ တည်ဆောက်ပေးခြင်း။ ဝန်ထမ်းများ ပင်စင်ယူသည့်အချိန်မှာ လူတန်းစေ့နေထိုင်သွားနိုင်အောင် စီမံဆောင်ရွက်ပေးခြင်း စသည့် ရေရှည်အကျိုးရှိမည့် အစီအမံများဖြင့် ဝန်ထမ်းများ မိမိအလုပ်ကို ခင်တွယ်မြတ်နိုးပြီး တာဝန်သိသိ သိက္ခာရှိစွာဖြင့် နေထိုင်နိုင်ရေးအတွက် စနစ်တကျ ကူညီဖြေရှင်းပေးနိုင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် အစီအစဥ် ရှိ/မရှိ ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီမြင့် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ကနေပြီးတော့ ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ နိုင်ငံတော်အစိုးရသစ် လက်ထက်မှာ ပညာရေးဝန်ကြီးဌာနကနေပြီးတော့ အခြေခံပညာသင်ယူနေတဲ့ ကျောင်းသူ/ကျောင်းသားများအား ပညာသင် ထောက်ပံ့ကြေး၊ ပညာသင်ဆုများ ချီးမြှင့်ပေးခြင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်မှ စပြီးတော့ အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကို စတင်ဆောင်ရွက်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးကို သူငယ် တန်းမှ အထက်တန်းအထိ မိဘမရှိတဲ့သူများ၊ ဆင်းရဲနွမ်းပါးသူများကို သက်ဆိုင်ရာမြို့နယ်မှ ထောက်ခံ ချက်ဖြင့် ပညာရေးဝန်ကြီးဌာနမှ စိစစ်၍ ထောက်ပံ့ပေးခြင်း၊ ရေးဖြေစာမေးပွဲများ၊ နှုတ်ဖြေ စာမေးပွဲများ ဖြေဆိုအောင်မြင်ပြီး ထူးချွန်ထက်မြက်တဲ့ ကျောင်းသူ/ကျောင်းသားများအား ပညာသင်ဆု ချီးမြှင့်ခြင်း။ ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်မှစပြီး မူလတန်းအဆင့်ရှိ ကျောင်းသူ/ကျောင်းသားအားလုံးကို ကျောင်းသား တစ်ဦးကို ဗလာစာအုပ်(၆)အုပ်နှုန်း အခမဲ့ဖြန့်ဝေပေးခြင်းနဲ့ ကျောင်းသုံးပုံနှိပ်စာအုပ်များ အခမဲ့ဖြန့်ဝေ ပေးခြင်း။ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်မှစပြီး ပညာသင်ထောက်ပံ့ကြေးအဖြစ် မူလတန်းအဆင့်ရှိ ကျောင်းသူ/ ကျောင်းသားအားလုံးကို တစ်ဦးလျှင် ငွေကျပ်(၁၀၀၀)နှုန်း ထောက်ပံ့ပေးခြင်းကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။

နိုင်ငံ့ဝန်ထမ်းများ အပါအဝင် ပြည်သူတစ်ရပ်လုံး ခံစားခွင့်ရှိနေပြီ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်း များအတွက် ဝန်ကြီးဌာနအလိုက်ကလည်း သားသမီးများရဲ့ ပညာရေးများကို ထောက်ပံ့မှုများ ဆောင်ရွက် ပေးလျက်ရှိပါတယ်။ အလယ်တန်းကျောင်းသူ/ကျောင်းသားများကို လာမယ့် အခု ၂၀၁၄-၁၅ ပညာသင်နှစ် ကစပြီး အခမဲ့ပညာသင်ယူခွင့် ပြုထားပြီး ဖြစ်ပါတယ်။ တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ပြီး တက္ကသိုလ်ဝင်ခွင့်ရှိတဲ့ ကျောင်းသူ/ကျောင်းသားများကိုလည်း သတ်မှတ်ထားတဲ့ စည်းကမ်းချက်များ၊ ထောက်ပံ့ချက်များနဲ့ ပြည့်စုံပါက ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေး၊ ဘာသာရပ် ထူးချွန်ဆုများကို ချီးမြှင့်ပေးလျက်ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အခြားသော ဝန်ကြီးဌာနများမှ ကြီးကြပ်ကွပ်ကဲတဲ့ ဆေးရုံ များ၊ ဆေးခန်းများ၊ ဆေးပေးခန်းများမှာ သက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများကို တွဲဖက်ပြီးတော့၊ တာဝန် ပေးပြီးတော့ နိုင်ငံ့ဝန်ထမ်းများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို တစ်ဖက်တစ်လမ်းကနေ ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ နှစ်စဉ် ကျန်းမာရေး အသုံးစရိတ်ကိုလည်း တစ်နှစ်ထက် တစ်နှစ်

တိုးမြှင့်ပြီး သုံးစွဲလျက်ရှိပါတယ်။ နေပြည်တော်မှာလည်းပဲ အငြိမ်းစားဝန်ထမ်းများအတွက် ဆေးရုံ ခုတင် (၃၀၀)ကိုလည်း ၂၀၀၃ ခုနှစ်ကနေပြီးတော့ ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဝန်ထမ်းမိသားစုများရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကနေပြီး ထုတ်ပြန်ထားတဲ့ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေသစ်မှာ အာမခံ (၆)မျိုးရှိတဲ့အနက် အဓိကဖြစ်တဲ့၊ အာမခံ(၃)မျိုးဖြစ်တဲ့ ကျန်းမာရေးနဲ့ လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊ မိသားစုထောက်ပံ့မှု အာမခံစနစ်၊ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ် တို့မှာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်မှာ အာမခံထားရှိပြီးတဲ့ ထည့်ဝင်ကြေး ပေးသွင်းထားသူများဟာ ၎င်းတို့ကိုယ်တိုင် မည်သည့်အကြောင်းကြောင့်မဆို နာမကျန်းဖြစ်ပါက ဆေးကုသမှုခံယူခွင့်နဲ့ ငွေကြေး အကျိုးခံစားခွင့်များ ရရှိတဲ့အပြင် မိသားစုထောက်ပံ့မှု အာမခံစနစ်အတွက် သီးသန့်ထည့်ဝင်ကြေး ပေးရန်မလိုဘဲနဲ့ နိုင်ငံ့ဝန်ထမ်းများသာမက အာမခံထားသူ မည်သူမဆို သတ်မှတ်ထားတဲ့ ဝင်ငွေပမာဏ အောက်မှာ နည်းတဲ့ အာမခံထားသူရဲ့ ပညာသင်ကြားနေတဲ့ သားသမီးများအတွက် သတ်မှတ်ချက်များနဲ့အညီ ပညာသင်စရိတ် ခံစားခွင့်ရှိပါတယ်။

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေသစ် ပုဒ်မ ၂၀ မှာ ဖော်ပြထားတဲ့ မိမိတို့ရဲ့ ဆန္ဒအလျောက် အာမခံထားရှိခွင့်အရ အများပြည်သူများ အပါအဝင် ကျောင်းသူ/ကျောင်းသားများ၊ တောင်သူလယ်သမားများ၊ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ အပါအဝင် အိမ်ဖော်အဆုံး ပြည်သူတစ်ရပ်လုံးဟာ လူမှုဖူလုံရေးစီမံကိန်းမှာ မိမိတို့ဆန္ဒအလျောက် စိတ်ပါဝင်စားစွာ အာမခံထားရှိနိုင်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် အာမခံထားသူတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို လူမှုဖူလုံရေးစီမံကိန်းမှ တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေသစ်မှာ အခြားလူမှုဖူလုံရေးစနစ်ကို အကောင်အထည်ဖော်နိုင်တဲ့အချိန်မှာ အဲဒီမှာပါဝင်တဲ့ အခြားလူမှုဖူလုံရေးစနစ်ကို အကောင်အထည်ဖော်နိုင်တဲ့အချိန်မှာတော့ ဒီစနစ်မှာပါဝင်တဲ့ အိမ်ရာစီမံကိန်းများ၊ မိမိတို့ဆန္ဒအလျောက် ထည့်ဝင်ကြေးများ ပေးသွင်းထားသူများဟာ သတ်မှတ်ထားတဲ့ သတ်မှတ်ချက်များနဲ့ ကိုက်ညီလို့ရှိရင် ကျွန်တော်တို့ လူမှုဖူလုံရေးအိမ်ရာများမှာ နေထိုင်ခွင့်၊ ငှားရမ်းနေထိုင်ခွင့်၊ ဝယ်ယူခွင့်နဲ့ ပိုင်ဆိုင်ခွင့် (သို့မဟုတ်) အသုံးပြုခွင့်များကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

အောက်ခြေအဆင့်နဲ့ အလယ်အလတ်အဆင့် ပြည်သူများအတွက် နေထိုင်ရေးကိုပါ ရေရှည်စနစ်တကျ ကူညီဖြေရှင်းပေးနိုင်မယ့် အစီအမံများကို ၎င်း ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေသစ်မှာ ထည့်သွင်းရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ အာမခံစနစ်အားလုံးကို အကောင်အထည်ဖော်နိုင်တဲ့ အချိန်မှာတော့ တစ်နိုင်ငံလုံးကို အကျုံးဝင်တဲ့ စီမံကိန်း ဖြစ်စေရန် ရည်ရွယ်ထားတဲ့အတိုင်းပဲ လူမှုဖူလုံရေးအဖွဲ့မှာ အလုပ်ရှင်၊ အလုပ်သမားနဲ့ အများပြည်သူတစ်ရပ်လုံး ပါဝင်လာမည်ဆိုပါက အဲဒီအဖွဲ့မှာ အာမခံထားတဲ့ ပြည်သူပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်၊ အောက်ခြေအဆင့်နဲ့ အလယ်အလတ်အဆင့်မှာရှိတဲ့ ဝန်ထမ်းများ၊ မိသားစုဝင်များရဲ့ သားသမီးများ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်ရေးတို့အတွက် စီစဥ်ဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။

ပြည်သူ့အိမ်ရာနဲ့ ဝန်ထမ်းအိမ်ရာများကိုတော့ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ အခုနှစ် ဧပြီလမှ စတင်ပြီး တစ်လလျှင် အနိမ့်ဆုံး (၁၇၀၀)ကျပ်ကနေ၊ အမြင့်ဆုံး (၉၀၀၀)ကျပ်နှုန်းအထိ အငှားချထားပေးပြီးတော့ အိမ်ငှားချထားရာမှာ သက်ဆိုင်ရာမြို့များမှာရှိတဲ့ ဒေသန္တရအစိုးရများကနေ ဦးစီးပြီးတော့

ဝန်ထမ်းများရဲ့ ဌာန၊ ရာထူးနဲ့ အလိုက်၊ လုပ်သက်အလိုက် စိစစ်ခွင့်ပြုပေးခြင်း ဖြစ်ပါတယ်။ မိမိတို့ တာဝန်ထမ်းဆောင်နေတဲ့ မြို့နယ်မှာ တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်းမှာ နေထိုင်ခွင့်ရှိပါတယ်။ သို့သော်လည်းပဲ ကိုယ်စားလှယ်တော်ကြီးမေးတဲ့ မေးခွန်းမှာပါတဲ့ နေအိမ်၊ လိုင်းခန်းမရရှိတဲ့ နိုင်ငံ့ဝန်ထမ်းများအား သက်ဆိုင်ရာ ဒေသနှုန်းထားအလိုက် အိမ်ငှားရမ်းခများ ခံစားခွင့်ပေးခြင်း မပြုလုပ်နိုင်သေးပါဘူး။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှာ ဝန်ထမ်းများအား လုပ်သက် အနည်း၊ အများအလိုက် ထိုက်သင့်တဲ့ အိမ်ငှားခများ၊ ရာသက်ပန် အငှားနေထိုင်ခွင့်၊ အချိန်မတိုင်မီ ကွယ်လွန်ပါက အမွေဆက်ခံခွင့်ရှိသူ၊ အမွေခံစားခွင့် ရရှိတဲ့ အချိန်ကာလအထိ နေထိုင်ခွင့် ရရှိမယ့်ကိစ္စကိုလည်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းမယ့် မေးခွန်းများဟာ သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ရသေ့တောင်မြို့နယ်၊ ထွန်းရဝေကျေးရွာရှိ ရေငန်တား တာတမံကို ပြန်လည်ဆည်ဖို့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က ရသေ့တောင်မြို့နယ်၊ ထွန်းရဝေကျေးရွာရှိ ရေငန်တား တာတမံကို ပြန်လည်ဆည်ဖို့ပေးရန် အစီအစဉ်ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက ရသေ့တောင်မြို့နယ်၊ ထွန်းရဝေကျေးရွာရှိ ရေငန်တား တာတမံကို ပြန်လည်ဆည်ဖို့ပေးရန် အစီအစဉ်ရှိပါသလား ဆိုတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ထွန်းရဝေကျေးရွာဟာ ရသေ့တောင်မြို့နယ်၊ ထွန်းရဝေကျွန်းပေါ်မှာ တည်ရှိပါတယ်။ ရသေ့တောင်မြို့နယ်ရဲ့ အရှေ့တောင်ဘက်မှာ ရှိပါတယ်။ တောင်တန်းတွေနဲ့ နီးစပ်ပေမယ့်လည်း မြေနိမ့်ချိုင့်ဝှမ်းဖြစ်တဲ့အလျောက် ဒီဆားငန်ရေတွေက၊ ဒီရေတွေက ပတ်ပတ်လည်ဝိုင်းလျက် ရှိပါတယ်။ လူဦးရေကတော့ (၂၀၀၀)ကျော် ရှိပါတယ်။ အဲဒီရွာရဲ့ ရွာသားတွေဟာ အဲဒီရွာနားမှာရှိတဲ့ ကမ်းပိုင်ကြီး ဆိုတဲ့ ကွင်းရဲ့ လယ်ဧက(၂၀၀)ကျော်ပေါ်မှာမှီခိုပြီး စားသောက်နေရတာ ဖြစ်ပါတယ်။ အဲဒီ ကမ်းပိုင်ကြီးဟာ ဒီလို ဆားငန်ရေတွေနဲ့ ခဏခဏ ဝင်ရောက်တာကြောင့် လွန်ခဲ့တဲ့ လမ်းစဉ်ပါတီခေတ် က စပြီးတော့ ဆည်ဖို့ခဲ့တာ ဖြစ်ပါတယ်။

ပြီးတော့ တစ်ခါ ၁၉၉၃-၉၄ ခုနှစ်မှာ အကြီးစား ပြုပြင်မွမ်းမံမှုတစ်ခုကို ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို လုပ်တုန်းက အဲဒီရွာမှာ လူအင်အားနည်းတဲ့အတွက် အနီးပတ်ဝန်းကျင် ရွာပေါင်း(၁၁)ရွာက လူတွေနဲ့ လူအား၊ ငွေအား၊ စက်အားနဲ့ ဆည်ဖို့ခဲ့တာ ဖြစ်ပါတယ်။ တာတမံ ခိုင်မာပြီး ရေချိုတွေ ကြီးစိုးနေတဲ့ ကာလများမှာဆိုရင် အဲဒီရွာရဲ့ စပါးထွက်နှုန်းဟာ နဂိုထက် (၂)ဆ တက်လာပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ (၇)နှစ်ကစပြီးတော့ အဲဒီတာတမံဟာ ကျိုးပေါက်သွားခဲ့ပါတယ်။ လယ်ဧက(၂၀၀)ကျော် ရှိတာမှာ လယ်ဧက(၁၀၀)လောက်ကလည်း ဆားငန်ရေ ဝင်ပြီးတော့ ပျက်စီးသွားပါတယ်။ နောက်ကျန်တဲ့ ဧက(၁၀၀)ကလည်း ကျွန်တော်တို့ အငွေ့တွေရိုက်ပြီးတော့ အဲဒီနှစ်က အကုန်လုံး ဆုံးရှုံးခဲ့ပါတယ်။ ဆိုတော့ အဲဒီတာကျိုးတဲ့အတွက် အဲဒီရွာမှာ စီးပွားရေး ကျဆင်းပြီးတော့ တဖြည်းဖြည်းနဲ့ အဲဒီရွာကလူတွေလည်း တခြားရပ်ရွာတွေကို ပြောင်းရွှေ့သွားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမဲ့ အဲဒီ ထွန်းရဝေတာမှာ တာရိုးတာပေါင်တွေဟာ အခုထိ (၅၀)ရာခိုင်နှုန်း အကောင်းပကတိ ရှိနေပါသေးတယ်။ အခုအချိန်မှာစပြီးတော့ မလုပ်လိုက်ဘူးဆိုရင် နောက်(၅)နှစ်၊ (၆)နှစ်မှာ အဲဒီတာရိုးတွေဟာ ပျောက်ပြီးတော့ မြေပြန့်လွင်ပြင် ဖြစ်သွားမယ့် အလားအလာတွေ ရှိပါတယ်။ ရွာသားတွေအနေနဲ့ကလည်း ဆင်းရဲပြီးတော့ ငွေအားလည်း မစိုက်နိုင်၊ လူအားလည်း နည်းတဲ့အတွက် ကိုယ်ထူကိုယ်ထစနစ်နဲ့ အရင်ကလို မလုပ်နိုင်တော့ပါဘူး။ အဲဒါကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်အစိုးရဆီကို ဒီတာတမံကျိုးပေါက်နေတာကို ပြန်လည်မွမ်းမံဖို့ အစီအစဉ် ရှိ/မရှိ ဆိုတာကို မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်မြို့နှင့် မန္တလေးမြို့ကဲ့သို့သော ယာဉ်ကြောပိတ်ဆို့သည့် မြို့များသို့ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝင်ရောက်လာသော ကားများအပေါ် ဘီးခွန်(ဝါ) အခြားလိုအပ်သော အခွန်များ ပိုမိုကောက်ခံခြင်းဖြင့် ယာဉ်ကြော ပိတ်ဆို့မှု ကာကွယ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ရန်ကုန်မြို့နှင့် မန္တလေးမြို့ကဲ့သို့သော ယာဉ်ကြောပိတ်ဆို့သည့် မြို့များသို့ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝင်ရောက်လာသော ကားများအပေါ် ဘီးခွန် (ဝါ) အခြားလိုအပ်သော အခွန်များ ပိုမိုကောက်ခံခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှု ကာကွယ်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော် မေးရမယ့်မေးခွန်းကတော့ ဒီအရင် မနေ့ကမေးတဲ့ မေးခွန်းတွေနဲ့ အကြောင်းအရာတွေက တစ်ဆက်တစ်စပ်တည်းဖြစ်ပြီးတော့ အကျိုးသက်ရောက်ပုံ ကလည်း တစ်ဆက်တစ်စပ်တည်း ဖြစ်ပါတယ်။ ကျွန်တော် မနေ့က မေးတဲ့အချိန်မှာ မော်တော်ယာဉ်နဲ့ စက်ယန္တရားများ တင်သွင်းခွင့်ပြုရာတွင် က.ည.န အခွန်နဲ့ အခြားအခွန်အကောက်များ တစ်နိုင်ငံလုံး တစ်သမတ်တည်းမဟုတ်ဘဲ အသုံးပြုမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လျှော့ချကောက်ခံရန် ဆိုပြီးတော့ မေးခဲ့ပါတယ်။ အဲဒီလိုမေးတဲ့အချိန်မှာ ပြည်ထောင်စုဝန်ကြီးက

လာဖြေတဲ့အချိန်မှာ ဒီအလုပ်ကို လုပ်လို့ရှိရင် သူက ဒီဈေးသက်သာတဲ့နေရာမှာ မှတ်ပုံသွားတင်ပြီးတော့ ရန်ကုန်တို့၊ မန္တလေးတို့မှာ သုံးလာမယ်ဆိုပြီးတော့လည်း ဖြေပါတယ်။ အမှန်မှာ ကျွန်တော်မေးချင်တဲ့ ရည်ရွယ်ချက်တွေကတော့ အဲဒီလိုပေါ့နော်၊ အဲဒီအကျိုးသက်ရောက်မှုတွေအပေါ်မှာ ဘယ်လိုဖြေရှင်းမလဲ ဆိုတဲ့ အပိုင်းပေါ့။ ဒီ အဲဒီလိုမျိုးလည်းမဖြစ်အောင် အခု တင်သွင်းခွင့်လည်း ပြုမယ်။ နယ်စပ်တွေကလည်း တင်သွင်းခွင့်လည်းပြုမယ်။ အခွန်အကောက်တွေကလည်း ပြည်နယ်နဲ့တိုင်းအလိုက် ဒီဟာ လျှော့ချကောက်ခံမယ်။ ပြီးတော့ ဒီလိုမျိုး ယာဉ်ကြောပိတ်ဆို့မယ့်နေရာတွေမှာ ဒီလိုမျိုး အဲဒီဖက်ကနေ ကားတွေ မဝင်နိုင်အောင် ဒီဖက်မှာလည်း လိုအပ်တဲ့အခွန်တွေပေါ့၊ ဘီးခွန်တွေမှာ တိုးကောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ မေးရခြင်းဖြစ်ပါတယ်။ ဒီတစ်ခုလည်း မေးတဲ့အချိန်မှာတော့ နားလည်မှုလွဲသွားမှာ စိုးလို့ ဖြေရှင်းရတာလည်း ဖြစ်ပါတယ်။

ကျွန်တော့်မေးခွန်းကတော့ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကဲ့သို့သော ယာဉ်ကြောပိတ်ဆို့သည့် မြို့များသို့ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝင်ရောက်လာသော ကားများအပေါ် ဘီးခွန် (သို့မဟုတ်) အခြားလိုအပ်သော အခွန်များ ပိုမိုကောက်ခံခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှု ကာကွယ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်း မေးရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြစ်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် မေးမြန်းသည့် မေးခွန်းနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရရဲ့ ဖြေကြားချက်ကို ကိုယ်စား တင်ပြသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ထွန်းရဝေကျေးရွာမှာ ရသေ့တောင်-ပုဏ္ဏားကျွန်း ကားလမ်းအနီး တည်ရှိပြီး ထွန်းရဝေကျေးရွာ၏ ကမ်းပိုင်ကြီးကွင်းမှာ ချောင်းများပတ်လည်ဝန်းရံလျက်ရှိပါတယ်။ အဆိုပါ ကမ်းပိုင်ကြီးကွင်းရှိ လယ်မြေ ဧက(၁၂၀)ဧကကို ပင်လယ်ဆားငန်ရေဝင်ရောက်မှု ကာကွယ်ရန်နှင့် ရေချိုရရှိရေးအတွက် လယ်သမားတာ တစ်ခုကို ၁၉၉၃-၁၉၉၄ ခုနှစ်တွင် ကျေးရွာလူထု ကိုယ့်အားကိုယ်ကိုးဖြင့် ဆောင်ရွက်ခဲ့ကြပါတယ်။

ထွန်းရဝေ လယ်သမားတာတွင် အကျယ်(၄၅၀)ပေရှိ ပေါက်တောကြီးချောင်း၊ အကျယ်(၄၀၀)ပေရှိ ထွန်းရဝေချောင်းမကြီး အပါအဝင် ပျှမ်းမျှပေ (၃၀၀)ကျော်ရှိ ချောင်းရိုး(၅)ရိုး ပါဝင်ပြီး အမြင့်(၁၂)ပေမှ (၂၂)ပေအထိ ပိတ်ဆို့ဆောင်ရွက်ရန် လိုအပ်ပါတယ်။ မူလလယ်မြေ(၁၂၀)ဧကအပြင် နောက်ထပ် လယ်မြေ(၈၀)ဧက စုစုပေါင်း(၂၀၀)ဧကကို အကျိုးပြုနိုင်ရန်အတွက် မူလတာအလျား (၂၄၀၀)ပေ အပါအဝင် စုစုပေါင်းတာအလျား(၄၄၀၀)ပေကို မြေကြီးကျင်းပေါင်း (၁၉၅၀၀)ကျင်း ဆောင်ရွက်ရန်

ခန့်မှန်းကုန်ကျစရိတ် ငွေကျပ်သန်း(၁၃၀) လိုအပ်မည်ဖြစ်ပါတယ်။ အဆိုပါ ခန့်မှန်းကုန်ကျငွေ ကျပ်သန်း (၁၃၀)အား ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲ၍ ဦးစားပေး အစီအစဉ်အရ ခွင့်ပြုရရှိသော ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း မေးမြန်းသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ကိုယ်စား ဖြေကြားတင်ပြ သွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ဖြေကြားချက်မှာ - ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက်နေ့တွင် အမိန့်ကြော်ငြာစာ၊ ၁၁/၉၉ ဖြင့် ထုတ်ပြန်သည့် ယာဉ်၊ ကူးတို့၊ ပွဲရုံနှင့် ပုဂ္ဂလိက ငွေချေးလုပ်ငန်းများ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ(ဃ)တွင် မြို့ဝင်ကြေး ဆိုသည်မှာ ကော်မတီသို့ ဘီးခွန်ထမ်းဆောင်ခြင်း မရှိသော မော်တော်ယာဉ်များ မြို့တော် နယ်နိမိတ်အတွင်းသို့ ဝင်ရောက်သည့်အခါ ကောက်ခံသော အခကြေးငွေကို ဆိုလိုသည် ဟု လည်းကောင်း၊ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၁၁/၉၉ ဖြင့် ထုတ်ပြန်သည့် လမ်းနှင့် တံတားဆိုင်ရာ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ(ည)တွင် ဘီးခွန် ဆိုသည်မှာ မြို့တော်နယ်နိမိတ် အတွင်း မှတ်ပုံတင်ထားသော မြို့တော်နယ်နိမိတ်အတွင်း မောင်းနှင်သွားလာခြင်းအတွက် ကော်မတီက မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်သည့်နှုန်းထားအရ ကောက်ခံသည့် အခွန်ကို ဆိုသည် ဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် တစ်နှစ်လျှင် မော်တော်ယာဉ် လိုင်စင် ဝင်သည့် တစ်ကြိမ်သာ ဘီးခွန်ကို ကောက်ခံခြင်း ဖြစ်ပါသည်။ ဘီးခွန်နှင့် မြို့ဝင်ကြေးများ တိုးမြှင့် သတ်မှတ်ပါက ရန်ကုန်မြို့တော်ကို ဖြတ်သန်းသွားမည့် မော်တော်ယာဉ်များအားလုံး ကုန်ပါသည့် ယာဉ်များ၊ ကုန်မပါသည့်ယာဉ်များ အပါအဝင် ကောက်ခံရမည် ဖြစ်ပါသဖြင့် ကုန်စည်စီးဆင်းမှု အပိုင်းတွင် ကုန်ကျစရိတ် ပိုမိုလာခြင်းကိုလည်းကောင်း အကြောင်းပြု၍ ကုန်ဈေးနှုန်း ကြီးမြင့်မှု အခြေအနေ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါတယ်။ သို့ရာတွင် ယာဉ်သွားလာမှု ကြပ်တည်း၍ ယာဉ်ကြော ပိတ်ဆို့မှုဖြစ်ပေါ်ခြင်း မရှိစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်သို့ ဝင်ရောက်လာသည့် ယာဉ်များ ထဲမှ ရန်ကုန်တိုင်းဒေသကြီး လိုင်စင်မရှိဘဲ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုင်စင်ဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် Taxi ယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးအလို့ငှာ ပြေးဆွဲခြင်း မပြုရန်နှင့် ပြေးဆွဲပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥပဒေအရ အရေးယူ နိုင်ရေး ဥပဒေ၌ ထည့်သွင်းရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း စည်ပင်သာယာပိုင် လမ်းများပေါ်တွင် ညအိပ် ရပ်နားသည့် မည်သည့်ယာဉ်မဆို ညအိပ်ခွန် ပေးဆောင်ရန် ပျက်ကွက်ပါက စီမံခန့်ခွဲရေးနည်းလမ်းအရ ဒဏ်ကြေးတပ်ရိုက် အရေးယူသွားမည်ဖြစ်သည့်အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးသည့် City Taxi မှတ်ပုံတင်လက်မှတ် မရှိပါက ဒဏ်ကြေးတပ်ရိုက် အရေးယူဆောင်ရွက် သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ လက်ရှိအခြေအနေတွင် အခြား တိုင်းဒေသကြီးနှင့်

ပြည်နယ်များမှ ဝင်ရောက်လာသည့် ယာဉ်များအပေါ် ဘီးခွန် အပါအဝင် အခြားအခွန်များ ပိုမိုကောက်ခံရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုကို ကာကွယ်ရန်အတွက် ရန်ကုန်မြို့တွင်း လမ်းမ(၅၇)ခုတွင် လမ်းပေါ်၌ စည်းကမ်းမဲ့ရပ်နားထားသော ယာဉ်များကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များဖြင့် ဖမ်းဆီးအရေးယူလျက်ရှိကြောင်းနှင့် နယ်လိုင်စင်များဖြင့် ရန်ကုန်မြို့တွင် အခြေချ လုပ်ကိုင်နေသော Taxi ယာဉ်များကို အထက်ပါအတိုင်း အရေးယူဆောင်ရွက်ခြင်းဖြင့် ယာဉ်ကြောကြပ်တည်းမှု လျော့ပါးနိုင်ပြီး မလိုလားအပ်သော စည်းကမ်းချိုးဖောက်မှုများအား တားဆီးနိုင်မည် ဖြစ်ပါတယ်။

အဆိုပါ မေးခွန်းနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်မှာ မန္တလေးတွင် ယာဉ်ကြောပိတ်ဆို့ရခြင်းသည် အောက်ပါအချက်များကြောင့် ဖြစ်ပါတယ် -

(၁) လမ်းမကြီးနှင့် လမ်းသွယ်များတွင် စည်းကမ်းမဲ့ယာဉ် ရပ်နားရပ်တန့်ခြင်း၊ ကား၊ ဆိုင်ကယ် နှစ်ထပ်ရပ်ခြင်း၊ ပလက်ဖောင်းနှင့် (၁)ပေကွာရပ်ရန်၊ ယာဉ်စည်းကမ်း လုံးဝမလိုက်နာခြင်း၊ (၂) ဆိုင်ကယ် ရပ်နားခွန် ကောက်ခံမှု သတ်မှတ်နေရာထက် ပို၍ နေရာအသုံးပြုခြင်းနှင့် လမ်းကြောပိတ်ဆို့ခြင်း၊ (၃) ပလက်ဖောင်းများပေါ်တွင် ဈေးဆိုင်ထွက်ခြင်း၊ လမ်းမပေါ်တွင် ဈေးဆိုင်၊ ဈေးတန်းများဖြင့် ပိတ်ဆို့ ရောင်းဝယ်ခြင်း၊ (၄) ဖြူနီကြား မရပ်ရနေရာများတွင် ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ်၊ လိုင်းကားများ ရပ်နားကြခြင်း၊ (၅) နှစ်ဘီးတပ်ဆိုင်ကယ်များ မတ်လတွင် (၆၁၀၀၃၅)စီး မန္တလေးမြို့တွင်း၌ ရှိနေပြီး ဖြစ်၍ မြို့တွင်းလမ်းပိုင်းတွင် စည်းကမ်းမဲ့ လမ်းများ၌ စီးနင်းခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်း၊ (၆) နံနက်ခင်း၊ ညနေပိုင်း ရုံးတက်/ရုံးဆင်း၊ ကျောင်းတက်/ကျောင်းဆင်း၊ ဈေးသိမ်းလုပ်ငန်း အသွား/အပြန် အချိန် ဝ၇း၀၀ နာရီမှ ဝ၉း၀၀ နာရီထိ ၁၄း၀၀ နာရီမှ ၁၈း၀၀ နာရီထိတွင် ကုန်သယ်ပို့ယာဉ်များ မြို့တွင်း ဝင်ရောက် ကုန်တင်/ကုန်ချ ပြုလုပ်၍ လမ်းကြောပိတ် ပိုမိုကြပ်တင်းစေခြင်း၊ (၇) လမ်းမကြီးနေ ကိုယ်ပိုင်ယာဉ်များ၊ ဈေးဆိုင်များ လမ်းတစ်လျှောက် ကိုယ်ပိုင်ယာဉ်များ ရပ်တန့်ထားခြင်းနှင့် ဈေးဝယ် ကားများ ရပ်တန့်ခြင်းကြောင့် လမ်းကြောပိတ်ပြီး၊ လမ်းကြောကျဉ်းပြီး ပိတ်ဆို့မှုဖြစ်ပေါ်ခြင်း၊ (၈) မြို့တွင်း အဆင့်မြင့်ဟိုတယ်များတွင် တည်းခိုသူများ၏ ကားများ လမ်းဘေးတွင် ရပ်တန့်တည်းခို၍ လမ်းကြော ပိတ်ဆို့ခြင်း၊ (၉) ဈေးချိုတွင် ဈေးရောင်းဆိုင်များမှ ယာဉ်များ ကားပါကင်တွင် တစ်နေကုန် ရပ်တန့်ထား၍ ဈေးဝယ်လာသည့် ယာဉ်များ ရပ်စရာနေရာမရှိသဖြင့် ယာဉ်ကြောနှစ်ထပ် ရပ်တန့်မှုကြောင့် လမ်းပိတ်ခြင်း၊ (၁၀) မန္တလေးမြို့တွင် အမြန်လမ်းမကြီးတစ်လျှောက် မီးပွိုင့် မတပ်ဆင်နိုင်၍ ဦးရာစနစ်ဖြင့် မီးပွိုင့် မရှိသောကြောင့် ကြားဖြတ်လမ်းများမှ ဖြတ်သန်းမှုကြောင့် လမ်းမကြီးယာဉ်များ ပိတ်ဆို့မှု ဖြစ်နေခြင်း၊

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအချက်များကြောင့် မန္တလေးမြို့တွင် ယာဉ်ကြော ကြပ်တည်းရသည့် ဖြစ်စဉ်များအတွက် ယာဉ်ရပ်နားမှုများ စနစ်တကျ ဖြစ်စေရေး၊ ဆိုင်ကယ်များ ညာလမ်းမှ စီးနင်းကြရေး၊ မီးပွိုင့်များအားလုံး Main Road တစ်လျှောက် အပြည့်တပ်ဆင်ရေး၊ ဈေးဆိုင်များ ပလက်ဖောင်းများ ပေါ်တွင် နေရာယူ ဈေးမရောင်းချရေး၊ Peak Hour တွင် ကုန်တင်/ကုန်ချ မဝင်ရောက်ရေး၊ ကားထားရာ နေရာ တိုက်အဆောက်အဦများ ဒေသအလိုက် တည်ဆောက်ပေးရေး၊ အိမ်ကားများ လမ်းပေါ် မရပ်တန့် စေရေး၊ မြို့တွင်း အထပ်မြင့်ဟိုတယ်များ တည်ဆောက်ပါက ကားပါကင်များ ထည့်ပြီး ဒီဇိုင်းပါမှ ဟိုတယ် ဖွင့်လှစ်ခွင့်ပြုရေး၊ ကားပါကင် ရပ်နားခ ပိုမိုကောက်ခံ ဒဏ်ချစေရေး၊ လက်ရှိလမ်းနှင့် မလုံလောက် သဖြင့် စစ်တမ်းကောက်ယူ၍ လမ်းကြပ်နေရာ လမ်းမများ၊ လမ်းဆုံများအတွက် မိုးပျံတံတားများ တည်ဆောက် ပေးရေးများ လုပ်ကိုင်ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။

ထို့အပြင် ခေတ်မီ Mono Rail System ဖြင့် ခရီးသည်များ မြို့တွင်း/ မြို့ပြင်သယ်ပို့ရေး အစီအစဉ် ရေးဆွဲပြီး ရင်းနှီးမြှုပ်နှံမှု ရရှိရေး စီစဉ်ရန် လိုအပ်ပါတယ်။ နယ်မှ ဝင်ရောက်လာသည့် ကားများအပေါ် အခွန်ကြီးမြင့်ကောက်ခံရေးကိစ္စမှာ အချက်တစ်ချက်အနေဖြင့် ပါသင့်သော်လည်း အထက်ဖော်ပြပါ အချက်များအား ပြုပြင်ဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ပေးမှသာ လက်ရှိယာဉ်နှင့် လိုလောက်မည်ဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှုများ ဖြေရှင်းနိုင်မည် ဖြစ်ပါတယ်။ မြို့တွင်းရထားဖြင့် သယ်ပို့စနစ်ရှိပါက ပိုမိုအမြန်နှုန်းမြင့်ပြီး အချိန်မှန် ထွက်ခွာသယ်ပို့ပါကလည်း ယာဉ်ကြောပိတ်သည့်ကိစ္စအပေါ် ဖြေရှင်းပေးနိုင်မည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် (နတလ) စံပြကျေးရွာများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများအား ရေရှည်အခြေချ ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမောင်သာခင် က နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် (နတလ)စံပြကျေးရွာများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများအား ရေရှည်အခြေချ ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးမောင်သာခင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် ဒုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကော်မရှင်အဖွဲ့ဝင် လူကြီးများ၊ လွှတ်တော်ကို တက်ရောက်လာကြတဲ့ အနယ်နယ်အရပ်ရပ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်သာခင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် (နတလ) စံပြကျေးရွာများတွင်နေထိုင်ကြတဲ့ တိုင်းရင်းသားများအား ရေရှည် အခြေချနေထိုင်နိုင်ရေး အတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မောင်တော မြို့ဟာ မြန်မာနိုင်ငံရဲ့ အနောက်ဘက်အစွန်ဆုံး မြို့ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ကပ်လျက်ရှိတဲ့ နယ်စပ်မြို့ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ် မဖြစ်မီထိ မောင်တောမြို့နယ်မှာ တိုင်းရင်းသား ကျေးရွာပေါင်း(၁၇၂)ရွာတွင် ရခိုင်၊ သက်၊ ဒိုင်းနက်၊ မြို၊ ခမီး တို့ နေထိုင်ကြပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှာ မူဂျာဟစ် သောင်းကျန်းသူများရဲ့ ဘေးအန္တရာယ်ကြောင့် ရခိုင်ပြည်တွင်းသို့ တိမ်းရှောင်သွားကြပါတယ်။ ယခုအခါမှာဆိုလို့ရှိရင် တိုင်းရင်းသားကျေးရွာတွေဟာ လက်ချိုးရေတွက်လို့ရတဲ့ (၃၀)နီးပါးလောက်ပဲ ရှိခဲ့ပါတယ်။ ဒီအကြောင်းတွေကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကော်မရှင်အဖွဲ့ဝင် သမိုင်းသုတေသနပညာရှင် ဦးမြင့်သိန်းမှလည်း အမျိုးသားလွှတ်တော် Debate မှာ ကျယ်ကျယ်ဝန်းဝန်းပဲ ပြောပြီးဖြစ်လို့ အချိန်ကို လေးစားသောအားဖြင့် ကျွန်တော် ရှည်ရှည်ဝေးဝေး မပြောလိုတော့ပါ။

မောင်တောမြို့နယ်မှာ တိုင်းရင်းသားရွာတွေ နည်းလာတာကြောင့် နိုင်ငံတော်ရဲ့ အစီအစဉ်နဲ့ ၁၉၉၂ ခုကစပြီးတော့ တိုင်းရင်းသား (နတလ) ကျေးရွာကို ကျေးရွာ(၂၇)ရွာကို တည်ထောင်ပြီး အစိုးရက အိမ်တွေ ဆောက်လုပ်ပြီး ရွာချပေးခဲ့ပါတယ်။ အိမ်ထောင်စုတစ်ခုကို လယ်မြေဧက (၃)ဧကစီကိုလည်း ခွဲဝေပေးကြောင်း သိခဲ့ရပါတယ်။ ဒါပေမဲ့ တချို့ ခွဲဝေပေးခဲ့တဲ့ လယ်မြေတွေဟာ ယင်းတို့နေထိုင်တဲ့ ကျေးရွာနဲ့ အလှမ်းကွာဝေးတဲ့အတွက် နယ်မြေအခြေအနေအရ သွားရောက်လုပ်ကိုင်နိုင်ရန် မဖြစ်နိုင်ကြောင်းကိုလည်း သိရှိရပါတယ်။ တချို့လယ်မြေတွေကလည်း မြေသြဇာခေါင်းပါးပြီး စိုက်ပျိုးလို့ မဖြစ်ထွန်းနိုင်တဲ့ လယ်မြေတွေ ဖြစ်တာကြောင့် (နတလ) ကျေးရွာအချို့ရဲ့ ရေရှည်တည်တံ့နိုင်ဖို့ အခက်အခဲရှိနေကြောင်းကို သိရပါတယ်။

နောက်ပြီးတော့ ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာလည်း တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရခိုင်တိုင်းရင်းသားနွယ်ဖွားတွေက မိသားစု(၃၃၉)စု၊ လူဦးရေ(၁၄၆၁)ဦးတို့မှာ အယူဝါဒကွဲပြားတဲ့ ဘာသာခြားတို့ရဲ့ တိုက်ခိုက်မှုတို့ကြောင့် အသက်အန္တရာယ်မှ လွတ်မြောက်ရန် မိမိတို့နယ်ကို စွန့်ပြီးတော့ မောင်တောမြို့နယ်ကို ရောက်ရှိလာကြပါတယ်။ လူသားချင်း စာနာပြီး ယာယီ စားသောက်နေထိုင်နိုင်ရေးအတွက် စောင်၊ ခြင်ထောင်၊ အိုးခွက်၊ ပန်းကန်၊ ဆန်၊ ဆီ၊ ဆေး စသည်တို့ကို ယာယီအားဖြင့် ပေးထားနိုင်သော်လည်း ရေရှည်နေထိုင်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တည်ထောင်ပေးရန် လိုအပ်ကြောင်းကို တွေ့မြင်လာခဲ့ရပါတယ်။

ဒါကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အဆိုပါ (နတလ) စံပြကျေးရွာမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားများနဲ့ နောက်ထပ် ဝင်ရောက်လာတဲ့ မိသားစုများ၊ ရခိုင်နွယ်ဖွားများ ရေရှည်ရပ်တည်နိုင်ရေးအတွက် Income Generation ဆိုတဲ့ ဝင်ငွေအပို ရနိုင်မည့် အလုပ်မျိုး Job Opportunity ဆိုတဲ့ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးမှုမျိုးကို ကျွန်တော်တို့ ဘယ်လိုအစီအစဉ်နဲ့ ရေရှည် Sustainable ဖြစ်အောင် ဆောင်ရွက်ပေးမည့် အစီအစဉ်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိလိုသည့်အတွက် ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၇။**

**ဗိုလ်ချုပ်မောင်မောင်အုန်း (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းရင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမောင်သာခင်ရဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် (နတလ)စံပြကျေးရွာများမှာ နေထိုင်

ကြတဲ့ တိုင်းရင်းသားများအား ရေရှည်အခြေကျ ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်ပေးမယ့် အစီအစဉ် ရှိ/မရှိ မေးမြန်းချက်အပေါ် ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဟာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီရဲ့လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အတွင်း စံပြကျေးရွာများကို ထူထောင်ခဲ့တဲ့နေရာမှာ မောင်တောမြို့နယ်မှာ (၂၇)ရွာ၊ ဘူးသီးတောင်မြို့နယ်မှာ (၉)ရွာ ရသေ့တောင်မြို့နယ်မှာ (၂)ရွာ စုစုပေါင်း (၃၈)ရွာ ထူထောင်ခဲ့ပြီး ဒေသခံတိုင်းရင်းသားများကို စုစည်း၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြောင်းရွှေ့လာတဲ့သူများဖြင့်လည်းကောင်း၊ နေအိမ်များ ဆောက်လုပ်၍ နေရာချထားပေးခဲ့ပါတယ်။

လက်ရှိအိမ်ထောင်စု (၃၁၃၅)စု၊ ကျား (၇၄၀၈)ဦး၊ မ (၇၁၄၆)ဦး၊ စုစုပေါင်း (၁၄၅၅၄)ဦး ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ စံပြကျေးရွာများမှာ ပြောင်းရွှေ့နေထိုင်ကြတဲ့ ကျေးရွာသူ/ကျေးရွာသားများ ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် အိမ်ထောင်စု တစ်စုကို လယ်မြေဧက(၂)ဧက၊ ဆိုက်ကား(၁)စီး၊ အပ်ချုပ်စက်(၁)လုံး၊ ရိက္ခာ(၄)မယ် (ဆန်၊ ဆီ၊ ပဲ၊ ဆား) နဲ့ ရိက္ခာစုံကို တစ်နှစ်စာ အိမ်ထောင်စု(၄)စုလျှင် လက်တွန်းထွန်စက်(၁)စီးနှုန်းနဲ့ ထောက်ပံ့ပေးသကဲ့သို့ မေယုတောင်တန်း ရာဘာစိုက်ပျိုးရေး စီမံကိန်းမှာလည်း (နတလ)စံပြကျေးရွာများ၊ ကျေးရွာသားများ လုပ်ကိုင်ဆောင်ရွက် နိုင်ရန် ကျေးရွာ(၂၄)ရွာမှာ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးခဲ့ပြီး ရာဘာဧက (၁၈၀၀) စိုက်ပျိုးနိုင်ရေး ကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။

ရခိုင်ပြည်နယ်အတွင်း ၂၀၁၂ ခုနှစ်၊ ဇွန်လမှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခဖြစ်စဉ်ကြောင့် မောင်တောမြို့နယ်အတွင်းမှာရှိတဲ့ စံပြကျေးရွာများ မီးရှို့ဖျက်ဆီးခံခဲ့ရမှုများ ရှိခဲ့တဲ့အခါမှာ တိုင်းရင်းသား များ ရေရှည်ရပ်တည်နိုင်ရေး၊ မီးရှို့ဖျက်ဆီးခံခဲ့ရတဲ့ ကျေးရွာမှာရှိတဲ့ တိုင်းရင်းသားများ အပါအဝင် တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စိုးရိမ်ကြောင့်ကြမှုကြောင့် ပြန်လည်ဝင်ရောက်လာတဲ့ တိုင်းရင်းသားများ နေထိုင်ရေးအတွက်လည်း မောင်တောမြို့နယ်အတွင်းမှာ ရှိတဲ့ ဝေသာလီကျေးရွာ၊ ခရေမြိုင်ကျေးရွာ၊ ဒီပီအေကျေးရွာ၊ ရွှေရင်အေးကျေးရွာ၊ သရေကုန်းဘောင်ကျေးရွာ၊ မောရဝတီကျေးရွာ၊ ကိုင်းကြီးကျေးရွာ၊ ကန်သာယာကျေးရွာ၊ ကင်းချောင်းကျေးရွာ၊ ဗောဓိကုန်းကျေးရွာ၊ ကန်ပြင်သာစည်ကျေးရွာ၊ မြို့ပေါ်ရပ်ကွက်၊ လောင်းဒုံကျေးရွာ၊ တောင်ပြိုလက်ဝဲ၊ ငါးခူရကျေးရွာ၊ အောင်သာယာကျေးရွာတို့မှာ နေအိမ်(၆၈၂)လုံးကို ဆောင်လုပ်နေရာချထားပေးခဲ့ပါတယ်။

ပဋိပက္ခ ဖြစ်စဉ်နောက်ပိုင်း ဒေသခံတိုင်းရင်းသားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန် မောင်တောမြို့နယ် အတွင်း လက်တွန်းထွန်စက်ကြီး(၃၃)စီး၊ ထွန်စက်ကြီး(၃)စီး၊ မိုးစပါး(၁၉၈၀)တင်း၊ ဓာတ်မြေသြဇာ (၁၉၈၀)အိတ်၊ ဒီဇယ်ဆီ(၂၈၂၄)ဂါလံနဲ့ ဒါကို သုံးစွဲပြီးတော့မှ လယ်မြေဧက (၉၉၀)ဧကကိုလည်း ဖော်ထုတ်ဆောင်ရွက်ပေးခဲ့ပါတယ်။ စိုးရိမ်ကြောင့်ကြမှုအရ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တိုင်းရင်းသား အိမ်ထောင်စုများ ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့ထိ တိုင်းရင်းသားအိမ်ထောင်စု (၄၄၆)စု၊ လူဦးရေ (၁၉၇၄)ဦးတို့ကိုလည်း နေအိမ်များ ဆောက်လုပ်ပြီး ကျေးရွာများမှာ နေရာချထားပေးသကဲ့သို့ စုစုပေါင်း လူဦးရေ (၁၉၇၄)ဦးအနက်မှ ယခင် ရောက်ရှိခဲ့ပြီးသော လူဦးရေ(၁၂၁၃)ဦးအား တစ်နှစ်စာ ရိက္ခာဖိုး ထောက်ပံ့မှုဆောင်ရွက်ခဲ့ရာ လူတစ်ဦးလျှင် တစ်ရက် (၃၂၂)ကျပ် (၄၃)ပြားနှုန်းနဲ့ တစ်နှစ်စာ ထောက်ပံ့ပြီး

စုစုပေါင်းငွေမှာ (၁၄၂.၇၅၄)ကျပ်သန်း ဖြစ်ပါတယ်။ အဲဒီအပြင် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) နဲ့လည်း ညှိနှိုင်းပြီးတော့မှ ပြန်လည်ဝင်ရောက်လာတဲ့ တိုင်းရင်းသားများ အတွက် စားနပ်ရိက္ခာထောက်ပံ့ပေးမှုကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဆက်လက်ဝင်ရောက်လျက်ရှိတဲ့ တိုင်းရင်းသားများ ရေရှည်ရပ်တည်နိုင်ရေး၊ လယ်ယာမြေဖော်ထုတ်ဆောင်ရွက်မှုအား သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်လမ်းညွှန်မှုနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကနေစပြီး နှစ်အလိုက်စီမံကိန်းများ ချမှတ်ရေးဆွဲ၍ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့အပြင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပြီးတော့ ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူသားချင်းစာနာတဲ့ အကူအညီများပေးရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်မှာလည်း အခုလာမယ့် ဒီ ၂၀၁၄-၂၀၁၅ ဖြစ်ပါတယ်။ ရခိုင်တိုင်းရင်းသားလူဦးရေ(၅၀၀၀၀)အတွက် ထောက်ပံ့အကူအညီပေးရေး အစီအစဉ်များကိုလည်း ကျွန်တော်တို့ ပေါင်းစပ်ညှိနှိုင်း ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်း လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်တဲ့ ဝေသာလီ-ဥဒေါင်းလမ်း (၁၃)မိုင် (၄)ဖာလုံကိုလည်း ဒါကျွန်တော်တို့ ကွန်ကရစ်လမ်းကြီး ဖြစ်ပါတယ်။ ရန်ပုံငွေကျပ် (၄၉၁၁.၆၆)သန်းနဲ့ ဒါ ကွန်ကရစ်လမ်းကြီးကို ကျွန်တော်တို့ ဖောက်လုပ်ပေးတဲ့အပြင် ဒီလမ်းမှာပါဝင်တဲ့ ဘေလီတံတား(၄)စင်း၊ သံကူကွန်ကရစ်တံတား(၅)စင်းနဲ့ ရေပွန်(၆)ခု တို့ကိုလည်း ရန်ပုံငွေကျပ် (၁၁၄၈.၆၂၅)ကျပ်သန်းနဲ့ ဒါရာနှုန်းပြည့် ကျွန်တော်တို့ ဒါ ဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။

ဒီတော့ ကျွန်တော် အထက်ပါ ရှင်းလင်းတင်ပြချက်များဟာ (နတလ) စံပြကျေးရွာများနဲ့ ပြန်လည်ဝင်ရောက်လာတဲ့ တိုင်းရင်းသားမိသားစုများအတွက် ဆောင်ရွက်ပြီးခဲ့တဲ့၊ ဆောင်ရွက်ပေးနေတဲ့ အစီအစဉ်များ ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာသူ၊ ကျေးရွာသားများအနေနဲ့ စိုးရိမ်ကြောင့်ကြမှုများအရ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာတဲ့ တိုင်းရင်းသား အိမ်ထောင်စုများ ရေရှည်တည်တံ့ရေးအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကိုလည်း ကျွန်တော် လက်ရှိနယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များနဲ့ ဆောင်ရွက်လျက်ရှိပြီးတော့ လိုအပ်လာလို့ရှိရင်လည်း တပ်မတော်မှ ပါဝင်အားဖြည့် ဆောင်ရွက်ပေးနိုင်ရေးလည်း စီမံဆောင်ရွက်ထားလျက်ရှိပါတယ်။

အလားတူ အဆိုပါ တိုင်းရင်းသားပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအောက်မှာ ပါဝင်ဖွဲ့စည်းထားတဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီနဲ့ ပေါင်းစပ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့်လည်း လက်ရှိထောက်ပံ့နေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းထောက်ပံ့နေမှုများကို လုံလောက်တဲ့အချိန်ထိ ဆက်လက်ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ မမျှော်မှန်းနိုင်တဲ့ အခြားအခက်အခဲများ ပေါ်ပေါက်လာရင်လည်း ဌာနရဲ့လုပ်ကိုင်ပေးနိုင်စွမ်းဘောင်အတွင်း ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပြီးတော့မှ ထပ်မံလိုအပ်ချက်များ ဖြစ်ပေါ်ရင်လည်း ရခိုင်ပြည်နယ်အစိုးရနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ဒါ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဗဟို ကော်မတီမှာ အတွင်းရေးမှူး တာဝန်ယူထားတဲ့အပြင် ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ် ညှိနှိုင်းရေးစင်တာမှာလည်း ကျွန်တော် ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်ရဲ့ အရေးကိစ္စများကို အထူးအလေးအနက် ထားပြီးမှ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကျေးလက်ထင်းစိုက်ခင်းများ ထူထောင်ရေးကို နိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က ကျေးလက်ထင်းစိုက်ခင်းများ ထူထောင်ရေးကို နိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် သွားရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော် ဒီနေ့ မေးမယ့်မေးခွန်းကတော့ ကျေးရွာထင်းစိုက်ခင်းများကိစ္စ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သစ်တောပြုန်းတီးရခြင်းရဲ့ အဓိက အကြောင်းရင်းများမှာ ထင်း၊ မီးသွေး ထုတ်လုပ်ခြင်း လည်း ပါဝင်မှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားကို တွင်ကျယ်စွာ မသုံးနိုင်သေးသမျှ ထင်း၊ မီးသွေး ထုတ်လုပ်ခြင်းဟာ အရေးပါနေဦးမှာ ဖြစ်ပါတယ်။ ထင်းအစား အခြားလောင်စာဟူသော ဆောင်ပုဒ်များ ဖြင့် နည်းလမ်းပေါင်းစုံ ကြိုးစားခဲ့ကြသော်လည်း ထိရောက်သောပြောင်းလဲမှုမရှိခဲ့ပါဘူး။ မြန်မာနိုင်ငံရဲ့ အခြေအနေအရ ထင်း၊ မီးသွေး အသုံးပြုမှုကိုလျှော့ချဖို့ အချိန်ကာလကြာရှည်ဦးမှာ ဖြစ်ပါတယ်။

အထူးသဖြင့် ကျေးလက်တောရွာများမှာ ထင်း၊ မီးသွေးကို နောင်နှစ်ပေါင်းများစွာ အသုံးပြု နေရမှာ ဖြစ်ပါတယ်။ အိမ်ရာဆောက်လုပ်ခြင်းကြောင့် ခုတ်ယူရတဲ့ သစ်တန်ချိန်ထက် ထင်း၊ မီးသွေး အတွက် ထုတ်ယူတဲ့ သစ်တန်ချိန်ဟာ အဆများစွာ ပိုမိုတယ်လို့လည်း သိရှိရပါတယ်။ ထင်း၊ မီးသွေး လုပ်ငန်းကြောင့် တောပြုန်းတီးမှုကို ကာကွယ်ရန် ကျေးလက်ထင်းစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့် အစီအမံများဖြင့် ဆောင်ရွက်သင့်နေပြီ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တယ်ဆိုရင်လည်း ကျွန်တော်တို့ အနေနဲ့ ဒါ ကျွန်တော်တို့ အကြံပေးစရာတွေ အများကြီးရှိပါတယ်။ လက်ရှိအောင်မြင်နေတဲ့ ကျေးရွာ ထင်းစိုက်ခင်းအချို့ ရှိသော်လည်းပဲ အရေအတွက် နည်းပါးပါသေးတယ်။

သို့ဖြစ်ပါ၍ ကျေးလက် ထင်းစိုက်ခင်းများထူထောင်ရေးကို နိုင်ငံတစ်ဝန်းလုံးမှာ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်သွားရန် အစီအမံ၊ အစီအစဉ် ရှိ/မရှိ ကို ပြည်သူလူထုများရဲ့ကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၇။**

**ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ရဲ့ ကျေးလက်ထင်းစိုက်ခင်းများ ထူထောင်ရေးကို နိုင်ငံတစ်ဝှမ်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလာတဲ့မေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သဘာဝသစ်တောသယံဇာတများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် နောင် သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ နောက် ကျေးလက်နေပြည်သူများရဲ့ အခြေခံလိုအပ်ချက်များဖြစ်တဲ့ ထင်း၊ မီးသွေး၊ လောင်စာ အပါအဝင် သစ်တောထွက်ပစ္စည်းများ အလွယ်တကူ ရရှိနိုင်ရေးအတွက် ၂၀၀၀-၂၀၀၁ ကနေစပြီး ၂၀၃၀-၂၀၃၁ အထိ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းကို ရေးဆွဲကာ ကာလတို (၅)နှစ်စီမံကိန်း၊ နှစ်စဉ်စီမံကိန်းများ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

အဲဒီလုပ်ငန်းစဉ်များထဲမှာ ခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားတဲ့ ကျေးလက်ပြည်သူများအတွက် ထင်း၊ မီးသွေး၊ လောင်စာ ရရှိရေးအတွက် လျာထားခန့်မှန်း စီမံထားရှိခဲ့ပါတယ်။ အဲဒီစီမံချက်တွေပါအတိုင်းလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအထဲမှာဆိုရင် မိမိပိုင်ဥယျာဉ်ခြံမြေမှ၊ နောက်တစ်ခါ ဒေသခံအစုအဖွဲ့မှ၊ နောက် ထိုနည်းတူပဲ သဘာဝတောမှ ဒီလို ထုတ်ယူသုံးစွဲနိုင်သလို တစ်ဖက်က သဘာဝတောတွေ ပြုန်းတီးမှုကို ကာကွယ်နိုင်ဖို့အတွက် ကျေးရွာသုံးပါ ထင်းစိုက်ခင်းတွေကိုလည်း စီမံကိန်းပါ လုပ်ငန်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဦးစွာတင်ပြလိုပါတယ်။

၁၉၈၁-၈၂ ခုနှစ်ကစပြီးတော့ ကျေးရွာသုံး ထင်းစိုက်ခင်းတွေကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးတည်ထောင်ပေးခဲ့ပါတယ်။ ဒီမှာလည်း ခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားတဲ့အထဲမှာ ပါသလိုပဲ။ တစ်ဖက်က၊ နိုင်ငံတော်က မည်မျှပင် ထူထောင်ပေးစေကာမူ ဒေသခံပြည်သူတွေရဲ့ အလေးထား စီမံဆောင်ရွက်မှု ပါရှိမှသာ သက်ဆိုင်ရာ ကျေးရွာတွေ၊ နီးစပ်တဲ့ကျေးရွာတွေဟာ အမှန်တကယ် ရေရှည်ထုတ်ယူသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ အဲဒီစိုက်ခင်းတွေအနက်က (၅)နှစ်သက်တမ်းပြည့်ပြီးတဲ့ စိုက်ခင်းများကို နီးစပ်တဲ့ကျေးရွာများ ထိန်းသိမ်းပြီးတော့မှ သုံးစွဲနိုင်ရေးအတွက် လွှဲပြောင်းပေးခဲ့တဲ့အခါမှာ ဧက(၅၁၆၄၈)ဧကကို လွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ ကျေးရွာသုံးထင်းစိုက်ခင်းများကိုလည်း စဉ်ဆက်မပြတ် နီးစပ်ရာကျေးရွာများကို လွှဲပြောင်းပေးပြီး ကျေးရွာစီမံ

အုပ်ချုပ်မှုနဲ့ သစ်တောကဏ္ဍကတော့ ပါဝင်ထိန်းသိမ်း ဆောင်ရွက်ပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျေးလက်ပြည်သူတို့ရဲ့ အိမ်ရာထူထောင်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ၎င်းတို့ရဲ့ အသက်မွေးဝမ်းကျောင်းပြုရာမှာ လိုအပ်တဲ့ သစ်၊ တိုင်၊ မျော၊ ထင်းများ လွယ်ကူစွာ အဆင်ပြေ ရရှိနိုင်ရေးအတွက် ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းများ ထူထောင်ရေး လုပ်ငန်းစီမံချက်များကို ၂၀၀၈-၂၀၀၉ ခုနှစ်ကနေ စတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီနေ့ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ တစ်အိမ်ထောင်ကို သစ်မာ အပင်(၂၀)နှုန်းဖြင့် သစ်မာပင်ပေါင်း(၂၄၅၃၂၆၆၈)ပင်၊ တစ်ရွာ တစ်ဧကနှုန်းနဲ့ ကျေးရွာပိုင်စိုက်ခင်း ဧကပေါင်း(၁၄၄၅၃)ဧက တည်ထောင်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီစိုက်ခင်းများနဲ့ပတ်သက်လို့လည်း အချို့သောစိုက်ခင်းများသည် သက်ဆိုင်ရာကျေးရွာများက နောက်သက်ဆိုင်ရာပုဂ္ဂလိကများကိုယ်တိုင်လည်း အလေးထား စီမံဆောင်ရွက်တဲ့အတွက် သုံးစွဲနိုင်ပြီလည်း တွေ့ရှိရပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ တစ်အိမ်ထောင်ကို သစ်မာအပင်(၂၀)နှုန်းနဲ့ သစ်မာအပင်ပေါင်း (၂၁၀၆၅၄၀)၊ တစ်ရွာ တစ်ဧကနှုန်းနဲ့ ကျေးရွာပိုင်စိုက်ခင်း (၇၉၀)ဧကကို တည်ထောင်ပေးသွားမှာ ဖြစ်ပါတယ်။

တောနိမ့်၊ တောပျက်ဧရိယာများမှာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ခြင်းဖြင့်လည်း ခွင့်ပြုပေးလျက်ရှိရာမှာ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ဒေသပိုင်ပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ အသုံးပြုသူအဖွဲ့ပေါင်း(၇၅၃)ဖွဲ့၊ ဧကအားဖြင့် (၁၁၉၉၁၇)ဧကကို တည်ထောင် ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ဧက(၂၄၀၀၀)ဧကကို တည်ထောင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းဖြင့် သဘာဝသစ်တောများအပေါ်မှာ တည်မှီနေတဲ့ ဒေသခံပြည်သူများရဲ့ လိုအပ်ချက်များကို မိမိတို့ကိုယ်တိုင် ပါဝင် ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

ဒေသခံပြည်သူလူထုရဲ့ လိုအပ်ချက်ဖြစ်သော ထင်း၊ မီးသွေး၊ လယ်ယာသုံး သစ်၊ တိုင်၊ မျောများ ထုတ်ယူသုံးစွဲရာမှာ စနစ်တကျဖြစ်စေရန်အတွက် သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်းအရ ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့ ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များမှလည်း သဘာဝတောများမှ သစ်၊ တိုင်၊ မျောများ ထုတ်လုပ်ခွင့် နှစ်စဉ် ပြုလုပ်ပေးလျက် ရှိပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များကလည်း မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ကျေးရွာထင်းစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထူထောင်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး စနစ်တကျ စီမံအုပ်ချုပ်နိုင်ရေးအတွက် ဥပဒေအရ အကာအကွယ် ပြုနိုင်ရန် ကျွန်တော်တို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား(၂)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ အမှတ်စဉ်(၄)၊ အပိုဒ်ခွဲ(ဃ) အရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို အသုံးပြုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၂)ခုမှာ ကျေးရွာသုံး ထင်းစိုက်ခင်း ဥပဒေနှင့် နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်၊ မိုးရာသီမှာ ကျေးရွာသုံးထင်း စိုက်ခင်း(၇၉၂)ဧကကိုလည်း စိုက်ပျိုးထူထောင်သွားမှာ ဖြစ်ပါတယ်။ ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ထင်းစိုက်ခင်း ဥပဒေနှင့်အညီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/

ပြည်နယ် သစ်တောဦးစီးဌာနများလည်း ဝိုင်းဝန်းကူညီ အားဖြည့်ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။

ပြည်သူလူထုရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ထင်းလောင်စာစွမ်းအင်ကို သစ်တောကဏ္ဍမှ နေ့စဥ်နှင့်အမျှ ဖြည့်ဆည်းပေးလျက်ရှိရာမှာ ထင်း၊ မီးသွေး၊ သုံးစွဲမှုသည် စုစုပေါင်း စွမ်းအင်သုံးစွဲမှုဟာ (၇၆.၄၁)ရာခိုင်နှုန်းအထိရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဓိကအားဖြင့် စွမ်းအင်ကဏ္ဍမှာ အဓိကကျတဲ့ ရေနံ၊ သဘာဝဓာတ်ငွေ့၊ လျှပ်စစ် အစရှိတဲ့ စွမ်းအင်အမျိုးအစား ဖွံ့ဖြိုးမှုများ ရည်မှန်းချက် မပြည့်မီသေးသလို တစ်ဖက်ကလည်း ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားရေးဘဝနဲ့ အသိပညာမြင့်မားမှုအခြေအနေများဟာလည်း စီမံကိန်းမှာ လျာထားချက်နဲ့အညီ လိုက်လျောညီထွေမှုရှိဖို့ လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့်လည်း ထင်း၊ မီးသွေး၊ လောင်စာများဟာလည်း ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတင်ပြသွားသလို ကျွန်တော်တို့ ကျေးလက်နေပြည်သူများအတွက် ဆက်လက် တည်မှီလိုအပ်လျက်ရှိပါကြောင်း တင်ပြရမှာဖြစ်ပါတယ်။

ထင်းလောင်စာ စွမ်းအင်ကို သဘာဝတောများ၊ ကျေးရွာသုံးထင်းစိုက်ခင်းများ၊ ကျေးလက်အိမ်ရာ ထူထောင်ရေးစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းများ၊ ဒီအပြင် မိမိတို့ ဥယျာဥ်ခြံမြေများမှ ကျွန်တော်တို့ ထုတ်ယူသုံးစွဲနိုင်ပေမယ်လို့ ကျွန်တော်တို့ နိုင်ငံလူဦးရေ တိုးပွားလာသည်နှင့်အမျှ ထင်းလောင်စာ လိုအပ်ချက်မှာ ပိုမိုမြင့်မားလာပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ ကျေးလက်နေပြည်သူများရဲ့ မရှိမဖြစ် လိုအပ်ချက် ထင်း၊ မီးသွေး သုံးစွဲနေသလို တချို့သောဒေသတွေမှာ အသေးစားစက်မှုကဏ္ဍ၊ နောက် ထုတ်လုပ်မှုကဏ္ဍတွေ၊ ထင်းသုံးစွဲမှု ကဏ္ဍတွေဟာလည်း ပိုမိုပြီးတော့ တိုးတက်လာတာကို လေ့လာသိရှိရပါတယ်။

ဒါကြောင့် ဒီ ထင်းသုံးစွဲမှုတွေကို နည်းနည်းနဲ့ ထိရောက်အောင် သုံးစွဲနိုင်မယ့် စွမ်းအားမြင့်မီးဖိုများကိုလည်း ဖြန့်ဝေဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ အဓိကအားဖြင့် အပူပိုင်းဒေသဖြစ်တဲ့ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း အပူပိုင်းဒေသ အဲဒီ တိုင်း(၃)တိုင်းမှာ ကျွန်တော်တို့ရဲ့ အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ခုနှစ်မှာ စွမ်းအားမြင့်မီးဖို (၉၃၂၀)လုံး၊ ထို့အတူပဲ ကျွန်တော်တို့ သစ်တောဦးစီးဌာနက စွမ်းအားမြင့် မီးဖိုအလုံး(၁၀၀၀၀)၊ ဒါ့အပြင် အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် အင်းလေးကန်ရဲ့ ရေဝေရေလဲဒေသမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူများ ထင်းသုံးစွဲရာမှာ သုံးစွဲမှုလျှော့နည်းစေပြီးတော့မှ လိုအပ်ချက်ရရှိစေရေးအတွက် စွမ်းအားမြင့်မီးဖို အလုံး(၁၀၀၀) ဖြန့်ဖြူးဖို့လည်း စီမံထားရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အဲဒီလို တစ်ဖက်က ဆောင်ရွက်နေသလို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတော့လည်း ကျေးရွာသုံး ထင်းစိုက်ခင်းများကို တည်ထောင်ခြင်းလုပ်ငန်းစဥ်များကို အစဥ်အလေးထား အကောင်အထည်ဖော်လျက် ရှိပါတယ်။

ဂျပန်နိုင်ငံ (JIFPRO) အဖွဲ့နှင့် သစ်တောဦးစီးဌာန ပူးပေါင်းပြီး မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်မှာ ၂၀၀၃-၀၄ ခုနှစ်ကနေ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ကျေးရွာသုံးထင်းစိုက်ခင်း (၁၁၂၅) ဧက တည်ထောင်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၁၅ ခုနှစ်မှာ ချောက်ကန်ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း စီမံကိန်းအဖြစ် ကျေးရွာသုံးထင်း စိုက်ခင်းဧက (၁၁၂)ဧက စိုက်ပျိုးသွားမှာ ဖြစ်သလို ဂျပန်နိုင်ငံ (JIFPRO), (JICA)နှင့် ကိုးရီးယားနိုင်ငံ (KOICA) အဖွဲ့အစည်းများနှင့် အပူပိုင်း

ဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ၁၉၉၇-၉၈ မှ ယနေ့အထိ ကျေးရွာသုံးထင်းစိုက်ခင်း (၆၃၉၀)ဧက တည်ထောင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုတည်ထောင်ခဲ့တဲ့ ကျေးရွာသုံး ထင်းစိုက်ခင်းများမှလည်း ထင်းများကို နီးစပ်ရာကျေးရွာများကို စဉ်ဆက်မပြတ် ဖြန့်ဝေပေးလျက်လည်း ရှိပါတယ်။ ဒီအပြင် ကိုးရီးယားနိုင်ငံ (KOICA) နှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး သစ်တော အုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်တုံ့ပြန်နိုင်ရေး လုပ်ငန်းစီမံကိန်းအဖြစ် ၂၀၁၄-၁၅ ခုနှစ်မှစပြီး အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ စီမံကိန်းကာလ (၂)နှစ်အတွင်းမှာ ကျေးရွာသုံးထင်းစိုက်ခင်း ဧက(၆၀၀) တည်ထောင်သွားမှာ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံ (JICA) အဖွဲ့နဲ့ သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း စွမ်းအင်မြှင့်တင်နိုင်ရန်အတွက် ဒီရေတောများ ပြန်လည် စိုက်ပျိုးပြုစုခြင်း စီမံကိန်းကိုလည်း ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်မှာ ၂၀၁၄-၁၅ ခုနှစ်မှာ ဒီရေတော (၆၆၇)ဧကနှင့် ၂၀၁၅-၁၆ ခုနှစ်မှာ (၂၁၈၅)ဧက တည်ထောင်စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။

ထိုနည်းတူပဲ Mercy Corps အဖွဲ့နှင့် ပူးပေါင်းပြီး မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်မှာ ကျေးလက်နေပြည်သူများရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဈေးကွက်ကွန်ရက်များ တည်ထောင်ခြင်းလုပ်ငန်း စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၁၅ ခုနှစ်အတွင်း ထင်းလောင်စာ ကုန်ကျမှု သက်သာစေမည့် စွမ်းအားမြှင့်မီးဖို အလုံး(၁၀၀၀၀)အား ကျေးရွာ(၁၄)ရွာကို ကျွန်တော်တို့ ဖြန့်ဝေဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သို့ပါ၍ ကျေးလက်နေပြည်သူများရဲ့ ထင်းလိုအပ်ချက်ဟာ သဘာဝသစ်တောများကို ထိခိုက်မှုအနည်းဆုံးနဲ့ ဖြည့်ဆည်းပေးနိုင်မှုအတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များအတွင်းမှာ ထင်း၊ မီးသွေးများ စနစ်တကျ ထုတ်လုပ်သွားစေခြင်း၊ ကျေးရွာသုံး ထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ကျေးလက်အိမ်ရာ စီမံချက်ဖြင့် တစ်ရွာ(၁)ဧက စိုက်ခင်းများ တည်ထောင်ပေးခြင်း၊ တစ်အိမ်ထောင် သစ်မာအပင်(၂၀)စိုက်ပျိုးစေခြင်းတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်သလို နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းပြီး ကျွန်တော်တို့ လိုအပ်တဲ့ အဓိက သစ်တော၊ သစ်ပင် ပေါက်ရောက်မှုကျဲပါးပြီး ထင်း၊ အမှန်တကယ် လိုအပ်နေတဲ့ ဒေသခံပြည်သူများအတွက် နေရာဒေသများမှာ စဉ်ဆက်မပြတ် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ ဒီလိုဆောင်ရွက်နေတာသည် ပြည်သူပူးပေါင်းပါဝင်တဲ့ သစ်တော လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ပြည်သူလူထု ပူးပေါင်းပါဝင်ဖို့ ဆိုတဲ့နေရာမှာ အစိုးရဝန်ကြီးဌာန တစ်ခုတည်းမဟုတ်ဘဲ တာဝန်ရှိသူ အားလုံး၊ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသား အားလုံးက တစ်နည်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ နောက် ဒေသခံ ပြည်သူများ၊ အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဒီ ကျွန်တော်တို့ရဲ့ လုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ အကြံပေးခြင်းများဖြင့် ပိုမိုထိရောက်အောင်မြင်တဲ့ ကျေးရွာသုံး ကျေးလက်

အိမ်ရာ၊ ကျေးလက်ထင်းစိုက်ခင်းများကို စဥ်ဆက်မပြတ် တိုးချဲ့တည်ထောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၅)နာရီတွင် ခေတ္တရပ်နားပြီး (၁၁း၂၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဦးစိုးမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင်လည်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြည်သူ့လွှတ်တော်၊ အမျိုးသား

လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄ - ၁၈၆
ရက် စွဲ ၊ ၂၀၁၄ ခုနှစ်၊ မေ လ ၂၆ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က (၁၆-၁၀-၂၀၁၃) ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပထမအကြိမ်၊ အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး၌ အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ကော်မတီသည် မူလသုံးသပ်တင်ပြချက်များအပေါ် ဆွေးနွေးညှိနှိုင်းမှုများ ထပ်မံပြုလုပ်ခဲ့ပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို (၅-၃-၂၀၁၄) ရက်နေ့တွင် ပြန်လည်အစီရင်ခံတင်ပြခဲ့ပါသည်။

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် (၁၈-၃-၂၀၁၄) ရက်နေ့တွင်လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် (၂၁-၅-၂၀၁၄) ရက်နေ့တွင်လည်းကောင်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ စကားချပ်အနေနဲ့ အနည်းငယ် တင်ပြလိုပါတယ်။ ကျွန်တော်တို့ ယခု ဥပဒေဟာ ပြင်ဆင်တဲ့ဥပဒေဟာ အပိုဒ်(၃)ပိုဒ်သာ ပါရှိသော်လည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ သက်ဆိုင်သကဲ့သို့ မဏ္ဍိုင်(၃)ရပ်ဖြစ်သော ဥပဒေပြုရေးအဖွဲ့၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့မှာ ပတ်သက်နှီးနွယ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ဒီဥပဒေကို အထူးအလေးထားပြီးတော့ ဆောင်ရွက်ခဲ့ကြောင်းကို ဥက္ကဋ္ဌကြီးထံ အထူးတင်ပြလိုပါတယ်ခင်ဗျား။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ညှိနှိုင်းဆွေးနွေးချက်များအရ အောက်ပါအတိုင်း သဘောထားရရှိကြောင်း တင်ပြအပ်ပါသည် -

(က) ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီး၌ ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခြင်းသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ ဥပဒေ ပြဋ္ဌာန်းချက်နှင့်ညီညွတ်စွာ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံ

ဥပဒေ ပုဒ်မ ၃၈၉ တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည် ဟု ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းကို သဘောတူလက်ခံသင့်ကြောင်း၊ သို့ရာတွင် ဝင်ငွေခွန်ကို ပုံမှန်လစဉ်ချီးမြှင့်ငွေ အပေါ်တွင်သာ ကောက်ခံသင့်သော်လည်း အခြားစရိတ်များ အပေါ်တွင် ကောက်ခံခြင်းမပြုသင့်ကြောင်း သဘောတူညီချက်များ ရရှိခဲ့ပါတယ်။

(ခ) သို့ဖြစ်ပါ၍ ပြင်ဆင်သည့်ဥပဒေတွင် မူလဥပဒေ ပုဒ်မ ၁၄ ဖြစ်သော ဤဥပဒေအရ ခံစားခွင့်ပြုသည့် ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည် ဟူသည့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ခဲ့ခြင်းအပေါ် မူအားဖြင့် သဘောတူညီပါသော်လည်း ပုံမှန်လစဉ်ချီးမြှင့်ငွေကိုသာ ဝင်ငွေခွန်ကောက်ခံသင့်ပြီး အခြားစရိတ်များကို အခွန်ကင်းလွတ်ခွင့်ပြုနိုင်ရန် မူလဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား -

ပုဒ်မ ၁၄။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန် ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန် ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။

(ဂ) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေများသည် ကွာခြားချက်ကြီးမားစွာ မရှိသင့်ဘဲ ကဏ္ဍသုံးရပ်စလုံးအတွက် ဖြစ်နိုင်သမျှ ညီညွတ်မှုရှိအောင် ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ခံစားခွင့်များသည် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများမှ ပုဂ္ဂိုလ်များ၏ ခံစားခွင့်များနှင့် အဆင့်တူညီမှု မရှိသည့်တိုင် ယခုကဲ့သို့ ကွာဟမှုမျိုးလည်း မဖြစ်သင့်ကြောင်း၊ ဥပဒေပြုရေးကဏ္ဍရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေ နှုန်းထားမှာ နိုင်ငံတကာစံနှုန်းများကို မဆိုထားဘိ အိမ်နီးချင်း အာဆီယံနိုင်ငံများ၏ နှုန်းထားများနှင့် နှိုင်းယှဉ်လျှင် များစွာနိမ့်ကျလျက်ရှိပါကြောင်း၊ အခြားနိုင်ငံများတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဥပဒေပြုအမတ်များ၏ ချီးမြှင့်ငွေများသည် အဆများစွာ ကွာဟခြင်း မရှိပါကြောင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများမှ ပုဂ္ဂိုလ်များအတွက် အဆောင်အယောင် ခံစားခွင့်များကို ပြဋ္ဌာန်းထားသော်လည်း လွှတ်တော်ကိုယ်စားလှယ်များအတွက် အဆောင်အယောင် ခံစားခွင့်ကို တစ်စုံတစ်ရာ ပြဋ္ဌာန်းသတ်မှတ်ထားခြင်း မရှိကြောင်းတို့ကို ကိုယ်စားလှယ်အများစုက ဆွေးနွေးခဲ့ကြပါတယ်။

(ဃ) ဤဥပဒေကြမ်းတွင် အကျုံးဝင်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၏ စရိတ်များကို လက်ရှိထက် တိုးမြှင့်ခံစားခွင့်ပြုသင့်ကြောင်း မူအားဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ တိုးမြှင့်ခံစားခွင့်ပြုထိုက်သည့် အကြောင်းအရင်းများကို လေ့လာသုံးသပ်ရာ၌ -

(၁) ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ဥပဒေပြုရေးလုပ်ငန်းအပြင် အခြားလွှတ်တော် လုပ်ငန်းများကိုလည်း အချိန်ပြည့်နီးပါး ထမ်းဆောင်နေရခြင်း၊

(၂) မဲဆန္ဒရှင်ပြည်သူများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများ၊ နယ်မြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် တာဝန်ယူ ဆောင်ရွက်နေရခြင်း၊ ဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရခြင်း၊ အဆိုပါ တာဝန်များအတွက် မိမိ၏ စရိတ်ဖြင့်သာ အကုန်အကျခံ သုံးစွဲနေရခြင်း၊

(၃) အထက်ပါ တာဝန်များကို ထမ်းဆောင်နေရသော်လည်း အုပ်ချုပ်ရေးပိုင်းနှင့် တရားစီရင်ရေးပိုင်းမှ ပုဂ္ဂိုလ်များထက် ချီးမြှင့်ငွေမှာ များစွာနိမ့်ကျလျက်ရှိခြင်း၊

(၄) လွှတ်တော်တွင်း၌လည်းကောင်း၊ မိမိ၏မဲဆန္ဒနယ်၌လည်းကောင်း အထောက် အကူပြု ကိုယ်ပိုင်ဝန်ထမ်း မရှိဘဲ မဲဆန္ဒရှင်ပြည်သူများကိုပင် အားကိုးအားထား ပြု၍ မိမိ၏စရိတ်ဖြင့်သာ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေရခြင်း စသည့် အချက်များကို အလေးအနက်ထားရန် လိုအပ်ပါတယ်။

(င) အပိုဒ်(ဂ)နှင့် အပိုဒ်(ဃ)ပါ အချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့က လက်တွေ့ ကျစွာ ပြန်လည်သုံးသပ် စဉ်းစားသင့်ပါသဖြင့် ဥပဒေပြုလွှတ်တော် အနေဖြင့် တည်ဆဲ ဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်းများ မပြုလုပ်သင့်သေးကြောင်း သဘောထား ရရှိ ပါသည်။

(စ) ဤပြင်ဆင်သည့် ဥပဒေကြမ်း၏ အပိုဒ် ၃ သည် ထည့်သွင်းရန် မလိုအပ်သည့်အတွက် ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေကို အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကဏ္ဍများမှ ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေများနှင့် အချိုးညီမျှစွာ ပြည်သူများ၏ လူမှုစီးပွားဘဝများနှင့် လျော်ညီ သည့် နှုန်းထားများဖြစ်စေရန်၊ နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေပေါ် မူတည်၍ ဘဏ္ဍာရေး၊ ငွေရေးကြေးရေး တို့နှင့် စပ်လျဉ်း၍ ပြန်လည်လေ့လာသုံးသပ်ရန် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ မူလပုဒ်မ ၁၄ ကို အစားထိုးပြင်ဆင်ခြင်းအား အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့မှာ ဥပဒေပြု အာဏာရှိတဲ့အတွက် မိမိတို့ရဲ့အကျိုးစီးပွားကို ဒီအတိုင်းတန်းပြီးတော့ ဥပဒေပြုလိုက်တာနဲ့စာလို့ရှိရင် ခုန ကွာခြားချက်တွေ ပြည့်မီရေး၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ကိစ္စ ဖြစ်ရေးအတွက် လွှတ်တော်အခွင့်အရေး ကော်မတီ ကနေပြီးတော့ ဒါကို စုံစမ်းလေ့လာ အစီရင်ခံစာ လွှတ်တော်ကို တင်ဖို့လိုပါတယ်။ အဲဒီ အစီရင်ခံစာ တင်ပြီးတော့မှ ဒါ ဆုံးဖြတ်ချက်နှင့်တကွ ပြည်ထောင်စုအစိုးရနှင့် ဆက်လက်ညှိနှိုင်း သွားမှာ ဖြစ်ပါတယ်။ အခု ဒီဥပဒေကိုတော့ ပြည်ထောင်စုအစိုးရအဖွဲ့က တင်တဲ့အချက်ကိုပဲ အတည်ပြုသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်
အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ
ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် )

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၄။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန် ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန် ကောက်ခံခြင်းမှ ကင်းလွတ်စေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပယ်ဖျက်ချက် -

အပိုဒ် ၃

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ ၁၅ နှင့် ၁၆ တို့ကို ပုဒ်မ ၁၄ နှင့် ၁၅ တို့အဖြစ် အသီးသီးပြန်လည် အမှတ်စဉ်ရမည် ဆိုသည့် အပိုဒ်ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော်တို့ တင်သွင်းတဲ့ ဥပဒေအပေါ်မှာ ဆွေးနွေးပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များရဲ့ ချီးမြှင့်ငွေနဲ့ စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းတစ်ခုလုံး၊ တစ်ရပ်လုံးကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာနဲ့ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တင်သွင်းခဲ့သော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုကို ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ချီးမြှင့်ငွေနဲ့ စရိတ်ဆိုင်ရာကိစ္စကို အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ က ယနေ့မှစပြီး (၁၄)ရက်အတွင်းမှာ အပြီးအပြတ် စုံစမ်းပြီးတော့ အစီရင်ခံစာ တင်သွင်းဖို့ ညွှန်ကြားပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် တတိယနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၄၀ နာရီ အချိန်တွင် ရပ်နားပါသည်။]